ပုံစံ(၉)

ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

**ခုံသမာဓိအဖွဲ့**

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ် ( ၁၄ / ၂၀၂၂ )

အလုပ်သမား ဒေါ်ဇာလီမင်း ပါ(၁၅)ဦး
သရက်ခြံ (၂)လမ်း၊ ပိန္နဲကုန်း၊ အင်းစိန်မြို့နယ်။
၀၉ - ၄၄၈ ၀၂၆ ၁၁၆ } နစ်နာ၍တောင်းဆိုသူ

နှင့်

Mr. Ng Wee Hian ( အလုပ်ရှင် )
Areca Collection Co.,Ltd မှ အမည်ပြောင်းလဲထားသော
Chisel Myanmar Co.Ltd ( ပရိဘောဂစက်ရုံ )
Mrs. Allison Chan ( Business Development )
( အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )
အမှတ်(C-3)၊ မြခတ္တာလမ်း၊ မြစိမ်းရောင်စက်မှုဇုန်၊
ထန်းတပင်မြို့နယ်။
၀၉ - ၇၉၅ ၅၅၂ ၈၈၃ } တောင်းဆိုခြင်းခံရသူ

ရက်စွဲ ။ ၂၀၂၂ ခုနှစ်၊ မတ် လ ၃၁ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ မြစိမ်းရောင်စက်မှုဇုန်၊ မြခတ္တာလမ်း၊ အမှတ်(C-3)ရှိ အလုပ်ရှင် Mr. Ng Wee Hian နှင့် အလုပ်ရှင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ Mrs. Allison Chan ( Business Development ) တို့ ပိုင်ဆိုင်လုပ်ကိုင်လျက်ရှိသော Areca Collection Co.,Ltd မှ အမည်ပြောင်းလဲထားသော Chisel Myanmar Co.Ltd ( ပရိဘောဂစက်ရုံ ) နှင့် အလုပ်သမား ဒေါ်ဇာလီမင်း ပါ(၁၅)ဦး တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို ထန်းတပင်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**အမှုဖြစ်စဉ်အကျဉ်းချုပ်**

၁။ ယခုအငြင်းပွားမှုသည် Areca Collection Co.,Ltd မှ အမည်ပြောင်းလဲထားသော Chisel Myanmar Co.Ltd ( ပရိဘောဂစက်ရုံ )သည် (၂၀-၄-၂၀၂၁)ရက်နေ့တွင် စက်ရုံပိတ်သိမ်းခဲ့ရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)အဖွဲ့ဝင်များနှင့်အတူ အလုပ်သမားတစ်ဦးချင်း ခေါ်ယူညှိနှိုင်းပြီး နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုပြီး နစ်နာကြေးထုတ်ပေးခဲ့ရာ စာချုပ်ချုပ်ဆိုပြီး ငွေထုတ်ယူသူရှိသကဲ့သို့ စာချုပ်မချုပ်သူ၊ ငွေမထုတ်ယူသူများရှိခဲ့ကြပြီး အလုပ်သမားဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)အရ အလုပ်ရပ်စဲမှုနစ်နာကြေးရလိုကြောင်း အလုပ်သမား ဒေါ်ဇာလီမင်းပါ (၁၅)ဦးမှ ထန်းတပင်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ (၃)ကြိမ်တိုင် ညှိနှိုင်းဖျန်ဖြေပေးခဲ့သော်လည်း ပြေလည်မှု မရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ တက်ရောက်လာသော အငြင်းပွားမှုဖြစ်ပါသည်။

ကောက်ချက်အမှတ် ၁ ။ နို့တစ်ကြေးနှင့် နစ်နာကြေးပေးရန် သင့် / မသင့်။

၂ ။ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်လုပ်ကိုင်ရန် သင့် / မသင့်။

**တွေ့ရှိသုံးသပ်ချက်အမှတ် ၁ ။** အလုပ်သမား ဒေါ်ဇာလီမင်းသည် လစာငွေကျပ် ၆၃၀,၀၀၀/- (ခေါင်းဆောင်)ဖြင့် (၅-၄-၂၀၁၄)ရက်နေ့တွင် အလုပ်စတင် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး (၂၀-၄-၂၀၂၁)ရက်နေ့တွင် အလုပ်မှရပ်နားခံရပြီး (၆/၂၀၂၁)လတွင် ဆက်သွယ်ခဲ့ပြီး တစ်နေ့ (၂)နာရီဖြင့် (၁)ပတ် (၂)ရက် (၃)ပတ်ခန့် လုပ်ကိုင်ခဲ့ပြီး ထမင်းကျွေး၊ ဖယ်ရီမရှိတော့ခြင်း၊ ယခင်ခံစားခွင့်များအတိုင်း မဟုတ်သဖြင့် လုပ်နိုင်၊ မလုပ်နိုင်၊ မလုပ်နိုင်ပါက Resign တင်ရန်ပြောသဖြင့် အလုပ်မသွားတော့ကြောင်း၊ အလုပ်ရှင်မှ အလုပ်မထုတ်ကြောင်း၊ မူလခံစားခွင့်များမပေးသည့်အတွက် နစ်နာကြေး ရလိုကြောင်း၊ အလုပ်ရှင်မှ နစ်နာကြေး မပေးလိုကြောင်း၊ အလုပ်ပြန်မခန့်နိုင်ကြောင်း၊

၂။ ဒေါ်အေးသီတာအောင် (စီမံ)သည် လစာငွေကျပ် ၆၈၀,၀၀၀/- ဖြင့် (၁-၁၂-၂၀၁၃)ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ကြောင်း၊ (၂၀-၄-၂၀၂၁)ရက်နေ့တွင် စက်ရုံပိတ်ပြီး လိုအပ်ရင်ပြန်ခေါ်မည်ပြောသဖြင့် (၁)ပတ် (၂)ရက်ဆင်းခဲ့ပြီး (၆/၂၀၂၁)လတွင် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ခွင့်တိုင်ကြားရာ အလုပ်မဆင်းနိုင်လျှင်ထွက်ဟုပြောပြီး အလုပ်မှထုတ်ပယ်ခံရသဖြင့် နစ်နာကြေး

ရလိုကြောင်း၊ စက်ရုံပိတ်ချိန် စာချုပ် မချုပ်၊ နစ်နာကြေး မယူခဲ့ကြောင်း၊

၃ ။ ဒေါ်မေမြတ်ကြူဝင်း(စီမံ)သည် လစာငွေကျပ် ၄၃၀,၀၀၀/- ဖြင့် (၁-၄-၂၀၁၆)ရက်နေ့တွင် အလုပ်စတင်ဝင်ရောက် လုပ်ကိုင်ခဲ့ပြီး စာချုပ် မချုပ်၊ နစ်နာကြေး မယူခဲ့ကြောင်း၊ (၃၀-၈-၂၀၂၁)ရက်နေ့အထိ အလုပ်ပြန်ခေါ်ရန် စောင့်ဆိုင်းခဲ့ကြောင်း၊ နစ်နာကြေး ရယူလိုကြောင်း၊ အလုပ်ရှင်ဘက်မှ ယခင်ရာထူးရှိသဖြင့် အလုပ်ပြန်ခန့်နိုင်ပါကြောင်း၊ အလုပ်သမားမှ နို့တစ်ကြေးသာ ရယူလိုပါကြောင်း၊

၄ ။ ဒေါ်ဇင်လဲ့လဲ့ဝင်း(ပုံဆွဲ)သည် လစာငွေကျပ် ၇၀၀,၀၀၀/- ဖြင့် (၃-၁-၂၀၁၆)ရက်နေ့တွင် အလုပ်စတင်ဝင်ရောက် လုပ်ကိုင်ခဲ့ပြီး (၂၆-၆-၂၀၂၁)ရက်နေ့ စက်ရုံပိတ်သိမ်းမှုအတွက် စာချုပ်ချုပ်ဆိုပြီး နစ်နာကြေး ထုတ်ယူခဲ့ကြောင်း၊ စက်ရုံပြန်လည် လည်ပတ်ချိန် အလုပ်ပြန်မခေါ်သဖြင့် နစ်နာကြေး ရယူလိုကြောင်း၊ အလုပ်ရှင်မှ အလုပ်သမားသည် စာချုပ်ချုပ်၊ နစ်နာကြေး ယူထားသဖြင့် နစ်နာကြေး မပေးနိုင်ကြောင်း၊

၅ ။ ဒေါ်တင့်တင့်ထွန်း(ပုံဆွဲ)သည် လစာငွေကျပ် ၇၀၀,၀၀၀/- ဖြင့် (၁-၂-၂၀၁၇)ရက်နေ့တွင် အလုပ်စတင်ဝင်ရောက် လုပ်ကိုင်ခဲ့ပြီး (၁၅-၃-၂၀၂၁)ရက်နေ့ နောက်ဆုံးလုပ်ကိုင်ခဲ့ရကြောင်း၊ စာချုပ် မချုပ်၊ နစ်နာကြေး မယူခဲ့ကြောင်း၊ ယခုအခါ ဥပဒေနှင့်အညီ နစ်နာကြေးသာ ယူလိုကြောင်း၊

၆ ။ ဦးသွင်ထူးအောင်(စတို)သည် လစာငွေကျပ် ၁၅၆,၀၀၀/- ဖြင့် (၃-၁-၂၀၁၉)ရက်နေ့တွင် အလုပ်စတင်ဝင်ရောက် လုပ်ကိုင်ခဲ့ပြီး (၁၅-၃-၂၀၂၁)ရက်နေ့ နောက်ဆုံးလုပ်ကိုင်ခဲ့ရကြောင်း၊ စာချုပ် မချုပ်၊ နစ်နာကြေး မယူခဲ့ကြောင်း၊ ယခုအခါ ဥပဒေနှင့်အညီ နစ်နာကြေးသာ ယူလိုကြောင်း၊

၇ ။ ဦးလှိုင်မိုးနှင့် ဦးလှိုင်မြင့်တို့နှစ်ဦးသည် (၁၃-၃-၂၀၂၁) ရက်နေ့ နောက်ဆုံးအလုပ်လုပ်ကိုင်ခဲ့ရပြီး စာချုပ် မချုပ်၊

နှစ်နာကြေး မထုတ်ယူရသေးကြောင်း၊ အလုပ်ရှင်မှ အလုပ်ပြန်မခန့်လိုကြောင်း၊

၈ ။ ဦးပြည့်စုံ၊ ဦးထွန်းထွန်းနိုင်၊ ဦးရှူပ၊ ဦးဖိုးထူး၊ ဦးထူးအောင်၊ ဒေါ်မြမြသင်း၊ ဦးပြည့်ဖြိုးအောင်တို့ (၇)ဦးသည် စက်ရုံပိတ်သိမ်းချိန်တွင် စာချုပ်ချုပ်ဆိုပြီး နှစ်နာကြေး ထုတ်ယူပြီးဖြစ်ကြောင်း၊

၉ ။ ဦးပြည့်စုံ၊ ဦးထွန်းထွန်းနိုင်၊ ဦးရှူပ၊ ဦးဖိုးထူးနှင့် ဦးထူးအောင်တို့ (၅)ဦးသည် စာချုပ်ချုပ်ဆိုထားသော်လည်း အလုပ်ရှင်မှ အလုပ်ပြန်လည်ခန့်ထားလိုကြောင်း၊ ဒေါ်မြမြသင်း၊ ဦးပြည့်ဖြိုးအောင်အား အလုပ်ပြန်မခန့်နိုင်ကြောင်း၊

၁၀ ။ အလုပ်ရှင်၏ တင်ပြချက်အရ ဒေါ်အေးသီတာအောင်ကို အလုပ်မှရပ်နားထားကြောင်း၊ ပိုင်ဆိုင်ပစ္စည်းများ လွှဲအပ်ခြင်းကိစ္စ၊ ထုတ်ယူခဲ့သောငွေ ကျပ် သိန်း ၂၀ ကိစ္စ၊ ဗီဇာကြေးနှင့် ငွေစာရင်း ခေါင်းစဉ်လွှဲသည့်ကိစ္စ၊ နိုင်ငံခြားသား ဗီဇာအချိန်ကြာသဖြင့် ရက်လွန်ကြေး USD $ 35000 ကျော် ဒဏ်ဆောင်ရသည့်ကိစ္စများအတွက် ကျေနပ်မှု မရှိသဖြင့် နှစ်နာကြေး မပေးနိုင်ကြောင်း၊ အလုပ်ပြန် မခန့်နိုင်ကြောင်း တင်ပြချက်အပေါ် ကုမ္ပဏီမှ တာဝန်ရှိသူများ အနေဖြင့် ဒေါ်အေးသီတာအောင် လုပ်ကိုင်ခဲ့စဉ်ကာလ အတွင်း စီမံခန့်ခွဲရေးအရ အရေးယူနိုင်ရေးကိစ္စများ ပြီးပြတ်အောင် ဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊

၁၁ ။ စာချုပ်ချုပ်ဆိုပြီး လက်မှတ်ရေးထိုးပြီး နှစ်နာကြေးထုတ်ယူခဲ့သူများမှာ (၁) ဒေါ်ဇင်လဲ့လဲ့ဝင်း၊ (၂) ဦးပြည့်စုံအောင်၊ (၃) ဦးထွန်းထွန်းနိုင်၊ (၄) ဦးရှူပ၊ (၅) ဦးထူးအောင်၊ (၆) ဦးဖိုးထူး၊ (၇) ဒေါ်မြမြသင်း၊ (၈) ဦးပြည့်ဖြိုးအောင်တို့ အနေဖြင့် အလုပ်ရပ်စဲမှု နှစ်နာကြေးနှုန်းထားအား အလုပ်သမားဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅) နှင့်အညီ မရရှိသဖြင့် လျော့နည်းငွေရလိုကြောင်း ထပ်မံတောင်းခံခြင်းသည် နှစ်ဖက်ချုပ်ဆိုထားသော သဘောတူစာချုပ်နှင့် ညီညွတ်မှု မရှိကြောင်း၊ ၂၀၁၂ ခုနှစ်၊ အလုပ်

သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေတွင် အလုပ်ရှင်၊ အလုပ်သမား တောင်းဆိုမှုများကို နှစ်ဖက်ညှိနှိုင်းဖြေရှင်းရန်ပြဋ္ဌာန်းထားသောကြောင့် အထက်ပါ အလုပ်ရှင်၊ အလုပ်သမား သဘောတူ လက်မှတ်ရေးထိုးထားသော သဘောတူညီချက် ငွေပမာဏသည် ဥပဒေနှင့်ဆန့်ကျင်မှု မရှိကြောင်း သုံးသပ်ရရှိပါသည်။ ပဋိညာဉ်အက်ဥပဒေအရလည်း လွတ်လပ်သောသဘော ဆန္ဒအရချုပ်ဆိုထားသောကြောင့် ပဋိညာဉ်မြောက်ကြောင်း သုံးသပ်ရရှိပါသည်။

၁၂။ စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးမှု မရှိသူ၊ နှစ်နာကြေးထုတ်ယူမှု မရှိသူများမှာ (၁) ဒေါ်အေးသီတာအောင်၊ (၂) ဒေါ်ဇာလီမင်း၊ (၃) ဒေါ်မေမြတ်ကြူဝင်း၊ (၄) ဦးလှိုင်မိုး၊ (၅) ဒေါ်တင့်တင့်ထွန်း၊ (၆) ဦးသွင်ထူးအောင်၊ (၇) ဦးလှိုင်မြင့်တို့အား အလုပ်သမားဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)အရ နှစ်နာကြေးများအတွက် တွက်ချက် ထုတ်ပေးသင့်ကြောင်း၊

၁၃။ စာချုပ်ချုပ်ဆိုပြီး နှစ်နာကြေးထုတ်ယူပြီးသော်လည်း အလုပ်ရှင်မှ နေရာလပ်ရှိ၍ အလုပ်ပြန်လည်ခန့်ထားလိုသူများမှာ (၁) ဦးပြည့်စုံအောင်၊ (၂) ဦးထွန်းထွန်းနိုင်၊ (၃) ဦးရူပ၊ (၄) ဦးဖိုးထူး၊ (၅) ဦးထူးအောင်တို့အား အလုပ်အကိုင်အခွင့်အလမ်းကို မထိခိုက်စေဘဲ အလုပ်ပြန်လည်ဝင်ရောက် လုပ်ကိုင်စေသင့်ကြောင်း၊ အလုပ်သမားများမှလည်း အလုပ်ပြန်လည်လုပ်ကိုင်လိုကြကြောင်း၊ ဒေါ်မေမြတ်ကြူဝင်းသည် နှစ်နာကြေး မထုတ်ယူ၊ စာချုပ် မချုပ်ခဲ့သဖြင့် နှစ်နာကြေး ပေးသင့်ကြောင်း၊ စာချုပ် ချုပ်ပြီးနှစ်နာကြေးယူပြီးဖြစ်သော ဒေါ်ဇင်လဲ့လဲ့ဝင်း၊ ဒေါ်မြမြသင်း၊ ဦးပြည့်ဖြိုးအောင်တို့အား နှစ်နာကြေးပေးရန် မလိုကြောင်း သုံးသပ်ရရှိပါသည်။

၄။ ဆုံးဖြတ်ချက်အမှတ် ၁ (က)။ အောက်ဖော်ပြပါအမည်ပါ အလုပ်သမားများသည် စာချုပ်ချုပ်ဆိုပြီး နှစ်နာကြေး ထုတ်ယူပြီးဖြစ်၍ နှစ်နာကြေးပေးရန် မလိုကြောင်း ဆုံးဖြတ်သည်-

(၁) ဒေါ်ဇင်လဲ့လဲ့ဝင်း၊

(၂) ဦးပြည့်ဖြိုးအောင်

(၃) ဒေါ်မြမြသင်း ။

(ခ) ။ အောက်ဖော်ပြပါအမည်ပါ အလုပ်သမားများသည် စာချုပ် ချုပ်ဆိုခြင်း၊ နစ်နာကြေး ထုတ်ယူခြင်း မရှိသည့်အတွက် နို့တစ်ကြေး ပေးရန်မလိုဘဲ နစ်နာကြေးကို အောက်ပါအတိုင်း တွက်ချက်ထုတ်ပေးရန် ဆုံးဖြတ်သည် -

| စဉ် | အမည် | အလုပ်ဝင်ရက်စွဲ | လစာနှုန်း | နစ်နာကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဒေါ်အေးသီတာအောင် | ၁-၁၂-၂၀၁၃ | ၆၈၀,၀၀၀/- | ၆၈၀,၀၀၀ × ၅ လစာ = ၃,၄၀၀,၀၀၀/- | ၃၄၀၀၀၀၀/- |
| ၂ | ဒေါ်ဇာလီမင်း | ၅-၅-၂၀၁၄ | ၆၃၀,၀၀၀/- | ၆၃၀,၀၀၀ × ၅ လစာ = ၃,၁၅၀,၀၀၀/- | ၃၁၅၀၀၀၀/- |
| ၃ | ဒေါ်တင့်တင့်ထွန်း | ၁-၂-၂၀၁၇ | ၇၀၀,၀၀၀/- | ၇၀၀,၀၀၀ × ၄ လစာ = ၂,၈၀၀,၀၀၀/- | ၂၈၀၀၀၀၀/- |
| ၄ | ဦးသွင်ထူးအောင် | ၃-၁-၂၀၁၉ | ၁၅၆,၀၀၀/- | ၁၅၆,၀၀၀ × တစ်လခွဲစာ = ၂၃၄,၀၀၀/- | ၂၃၄၀၀၀/- |
| ၅ | ဦးလှိုင်မိုး | ၃-၉-၂၀၁၉ | ၂၀၈,၀၀၀/- | ၂၀၈,၀၀၀/- × ၁လစာ = ၂၀၈,၀၀၀/- | ၂၀၈,၀၀၀/- |
| ၆ | ဦးလှိုင်မြင့် | ၁၀-၆-၂၀၁၉ | ၂၃၈,၀၀၀/- | ၂၃၈,၀၀၀/×၁လစာ = ၂၃၈,၀၀၀/- | ၂၃၈,၀၀၀/- |
| ၇ | ဒေါ်မေမြတ်ကြူဝင်း | ၁-၄-၂၀၁၆ | ၄၃၀,၀၀၀/- | ၄၃၀,၀၀၀ × ၄ လစာ = ၁,၇၂၀,၀၀၀/- | ၁,၇၂၀,၀၀၀/- |

ဆုံးဖြတ်ချက်အမှတ် ၂။ အလုပ်သမား ဦးပြည့်စုံအောင်၊ ဦးထွန်းထွန်းနိုင်၊ ဦးရှ၊ ဦးဖိုးထူးနှင့် ဦးထူးအောင်တို့အား ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ (၇)ရက်အတွင်း ကြားကာလနစ်နာကြေးပေးရန် မလိုဘဲ အလုပ်ပြန်လည်ခန့်ထားရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၄။ တောင်းဆိုသူအားပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁)ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

| | | |
|---|---|---|
| (ဇင်ကေသွယ်)<br>အတွင်းရေးမှူး | (လွင်လွင်မြင့်)<br>ဥက္ကဋ္ဌ | (ကျော်ရီဦး)<br>အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ကျင်အေး)<br>အဖွဲ့ဝင် | (ဒေါက်တာခင်မောင်အေး)<br>အဖွဲ့ဝင် | ( လစ်လပ် )<br>အဖွဲ့ဝင် | (မြင့်အောင်)<br>အဖွဲ့ဝင် |
| (ကျော်ဇေယျ)<br>အဖွဲ့ဝင် | (စောတင်)<br>အဖွဲ့ဝင် | ( × × × )<br>( အောင်ကျော်ထွန်းနိုင်ဦး )<br>အဖွဲ့ဝင် | (ကျင်သိန်း)<br>အဖွဲ့ဝင် |